# ဗိုလ်ချုပ်ရုံပုံငွေ အက်ဥပဒေ

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၇။] ( ၁၉၄၈ ခု၊ နိုဝင်ဘာလ ၄ ရက်)

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၌ လူမသမာတို့၏ လုပ်ကြံခြင်း ခံရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ၊ အခြားဝန်ကြီး ခေါင်းဆောင်ဦးဖြစ်ကြသော သခင်မြ၊ မိုင်းပွန်စော်ဘွားကြီး၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်တို့အပြင် အတွင်းဝန် ဦးအုံးမောင်၊ သက်တော်စောင့် ကိုထွေးတို့၏ သားမယားတို့အား၊ ကူညီထောက်ပံ့ရန်နှင့် ကွယ်လွန်သူ ခေါင်းဆောင်ကြီးများအား အမှတ်တရာ ရှိစေခြင်းငှာ၊ ဗိုလ်ချုပ်ရုံပုံငွေ ခေါ်သည့် ရုံပုံငွေကို ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ရာ၊ အလှူရှင်များက ရွှေငွေရတနာ၊ လယ်မြေစသော ပစ္စည်းများကို ထိုရုံပုံငွေသို့ ထည့်သွင်း လှူဒါန်းခဲ့ကြသည်။ အဆိုပါ ရုံပုံငွေကို ယာယီ အမှုဆောင်ကော်မီတီအဖွဲ့တခုက ထိန်းသိမ်း အုပ်ချုပ်လျက် ရှိသည်။

အဆိုပါ ရုံပုံငွေကို ထိန်းသိမ်းစောင့်ရှောက်အုပ်ချုပ်ရန်၊ အမြဲတမ်း ဘဏ္ဍာထိန်းလူကြီး အဖွဲ့ ခန့်ထားခြင်း ကိစ္စနှင့် စပ်လျဉ်း၍၊ ပြဋ္ဌာန်းချက်များ ပြုလုပ်ရန် လိုအပ်သည်ဖြစ်သောကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ ဗိုလ်ချုပ်ရုံပုံငွေအက်ဥပဒေ ဟူ၍ခေါ်ရမည်။

၂။ ။ (၁) ဤမှနောင်အဘို့တွင် "ဘဏ္ဍာထိန်းအဖွဲ့" ဟူ၍ခေါ်တွင်ရမည့် အောက်ပါပုဂ္ဂိုလ်တို့သည်၊ ဗိုလ်ချုပ်ရုံပုံငွေဆိုင်ရာ "ဘဏ္ဍာထိန်းအဖွဲ့" ဝင်များဖြစ်ရမည်။

(က) နိုင်ငံတော်သမတက ခန့်သည့်ဥက္ကဋ္ဌတဦး။

(ခ) ရှမ်းပြည်နယ်ကောင်စီအဖွဲ့မှ ကိုယ်စားလှယ်တဦး။

(ဂ) ကရင်ရေးရာကောင်စီအဖွဲ့မှ ကိုယ်စားလှယ်တဦး။

(ဃ) နိုင်ငံတော်သမတက ခန့်သည့်အခြားဘဏ္ဍာထိန်းလူကြီးနှစ်ဦး။

(၂) ဘဏ္ဍာထိန်းအဖွဲ့၏ အစည်းအဝေးအရပ်ရပ်တွင် ဥက္ကဋ္ဌကသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ဥက္ကဋ္ဌ မတက်ရောက်သည့်အခါ ဘဏ္ဍာထိန်းလူကြီးများသည်၊ မိမိတို့အထဲမှလူကြီးတဦး ကိုသဘာပတိအဖြစ် ဆောင်ရွက်ရန်တင်မြှောက်ရမည်။

(၃) ဘဏ္ဍာထိန်းလူကြီးတဦး၏နေရာ လစ်လပ်လျှင်၊ အဆိုပါလစ်လပ်သောနေရာအတွက် ထိုဘဏ္ဍာထိန်းလူကြီးဟောင်းအား ခန့်ထားသည့် နည်းအတိုင်း၊ သို့တည်းမဟုတ် တင်မြှောက်သည့် နည်းအတိုင်း ဘဏ္ဍာထိန်းလူကြီးသစ်တဦးကိုခန့်ထားတင်မြှောက်ရမည်။ အဆိုပါဘဏ္ဍာထိန်း လူကြီးသစ် ဆောင်ရွက် ရမည့်ကာလအပိုင်းအခြားသည်၊ သက်ဆိုင်ရာဘဏ္ဍာထိန်းလူကြီးဟောင်းက ဆောင်ရွက်ရန်ကျန်ရှိနေ သည့် ကာလအပိုင်းအခြားမျှသာဖြစ်ရမည်။

၃။ ။ (၁) ဘဏ္ဍာထိန်းအဖွဲ့သည်၊ "ဗိုလ်ချုပ်ရုံပုံငွေဘဏ္ဍာထိန်းအဖွဲ့" အမည်ဖြင့်၊ ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့တခုဖြစ်ရမည်။ ထိုအဖွဲ့တွင်အမြဲတမ်း ဆက်ခံပိုင်ခွင့်နှင့် အဖွဲ့တံဆိပ် တခုလည်းရှိရမည်။ ထိုအမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင်တရားစွဲဆိုခြင်းကို ခံနိုင်သည်။

(၂) ဘဏ္ဍာထိန်းအဖွဲ့သည် [၁] -

(က) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို ရယူ၍ လက်ရှိထားနိုင်သည်။

(ခ) ပဋိညာဉ်စာချုပ်များချုပ်ဆိုနိုင်သည်၊ ထို့ပြင်

(ဂ) ဤအက်ဥပဒေပါကိစ္စများအတွက် ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သောဆောင်ရွက်မှု အရပ်ရပ် ကိုလည်း ပြုလုပ်နိုင်သည်။

(၃) ဘဏ္ဍာထိန်းအဖွဲ့၏ အစည်းအဝေးတွင်တက်ရောက်မဲပေးသည့် လူကြီးများအနက်၊ များရာ၏ ဆုံးဖြတ်ချက်အရပြုလုပ်ဆောင်ရွက်မှုအရပ်ရပ်သည်၊ ဘဏ္ဍာထိန်းအဖွဲ့၏ဆောင်ရွက်မှု ဖြစ်သည် ဟူ၍ မှတ်ယူရမည်။

(၄) ဘဏ္ဍာထိန်းလူကြီးတဦးဦး၏ ရာထူးလစ်လပ်ခြင်းကြောင့်ဖြစ်စေ၊ ဘဏ္ဍာထိန်းအဖွဲ့ ဖွဲ့စည်းရာ၌ ချို့ယွင်းချက်တစုံတရာရှိခြင်းကြောင့်ဖြစ်စေ၊ ဘဏ္ဍာထိန်းအဖွဲ့၏ဆောင်ရွက်မှု တစုံ တခုမှာ ပျက်ပြယ်သည်ဟူ၍ မမှတ်ယူရ။

(၅) ဥက္ကဋ္ဌသည် ဘဏ္ဍာထိန်းအဖွဲ့၏ သဘောတူချက်အရ၊ တာဝန်အလုပ်ဝတ်တရားများ ဆောင်ရွက်ရန် အတွင်းရေးမှူးတယောက်နှင့် လိုအပ်သည့်အခြားရာထမ်းမှုထမ်းများကို ခန့်ထား နိုင်သည်။ အတွင်းရေးမှူးနှင့်ရာထမ်းမှုထမ်းများ၏လစာငွေများမှာ ဘဏ္ဍာထိန်းအဖွဲ့က ပြဋ္ဌာန်းသည့် အတိုင်းဖြစ်ရမည်။

(၆) ငွေထုတ်ပေးရန်အမိန့်များကို ဘဏ္ဍာထိန်းအဖွဲ့၏ ကိုယ်စားဘဏ္ဍာထိန်းလူကြီးနှစ်ဦးက လက်မှတ် ရေးထိုးရမည်။

၄။ ။ ဘဏ္ဍာထိန်းအဖွဲ့သည် ပြတိုက်၊ စာကြည့်တိုက်၊ ဆေးရုံနှင့် သားဖွါးရုံစသည်တို့ကို တည်ထောင် နိုင်သည့်အပြင်၊ ပညာရေး၊ ကျန်းမာရေး တိုးတက်မှုနှင့်စပ်လျဉ်း၍ အားပေး ဆောင်ရွက် နိုင်သည်။ သို့တည်းမဟုတ် အဆိုပါကွယ်လွန်သူခေါင်းဆောင်ကြီးများ၏ စွန့်စားဆောင်ရွက်ခြင်းကို မိမိတို့သင့်တော်မည် ထင်သည့်နည်းလမ်းအတိုင်း အထိမ်းအမှတ်ပြုလုပ်နိုင်သည်။ သို့တည်းမဟုတ် အဆိုပါကွယ်လွန်သူခေါင်းဆောင်ကြီးများ၏ သားမယားများအား၊ မိမိတို့သင့်တော်မည် ထင်သည့် နည်းလမ်းအတိုင်း ကူညီထောက်ပံ့နိုင်သည်။

ခြွင်းချက်။ ။ သို့ရာတွင် ဤဥပဒေအတည်မဖြစ်မီက ယာယီအမှုဆောင်ကော်မီတီအဖွဲ့က ပြုလုပ် ခဲ့သော ဆောင်ရွက်မှု အရပ်ရပ်သည်၊ အတည်ဖြစ်သည်ဟုမှတ်ယူရမည်။ [၂]

၅။ ။ ဘဏ္ဍာထိန်းအဖွဲ့၏ လက်ဝယ်တွင်အောက်ဖေါ်ပြပါ ပစ္စည်းများတည်ရှိရမည်။

(က) ဆိုခဲ့သည့် ယာယီအမှုဆောင်ကော်မီတီအဖွဲ့က ယခင်ကထိန်းသိမ်းထားသည့် ငွေများနှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ။

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄ ဖြင့် ပြင်ဆင်သည်။

[၂] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄ ဖြင့် ဖြည့်စွက်သည်။

(ခ) ဆိုခဲ့သည့်ရုံပုံငွေကိစ္စများအလို့ငှါ၊ အဆိုပါယာယီအမှုဆောင်ကော်မီတီအဖွဲ့ထံသို့ဖြစ်စေ၊ ဘဏ္ဍာထိန်းအဖွဲ့သို့ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ပြီးဖြစ်သည့်၊ သို့တည်းမဟုတ် နောင်တွင်လွှဲပြောင်းပေးအပ်မည့် အခြားရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ။

(ဂ) ဆိုခဲ့သည့်ရန်ပုံငွေကိစ္စများအလို့ငှါ အဆိုပါယာယီအမှုဆောင်ကော်မီတီအဖွဲ့ကဖြစ်စေ၊ ဘဏ္ဍာထိန်း အဖွဲ့ကဖြစ်စေ၊ ထိန်းသိမ်းရယူပြီးသည့်၊ သို့တည်းမဟုတ် နောင်တွင်ထိန်းသိမ်းရယူမည့်အခြား ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ။

၆။ ။ (၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(၂) အထက်ကဖေါ်ပြခဲ့သော အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့် အဆိုပါ နည်းဥပဒေများဖြင့် အောက်ပါတို့ကို ပြဋ္ဌာန်းနိုင်သည်။

(က) ဘဏ္ဍာထိန်းလူကြီးများအဖြစ်ဖြင့် ရာထူးတွင်ဆောင်ရွက်ရမည့် ကာလ အပိုင်းအခြား။

(ခ) ဘဏ္ဍာထိန်းအဖွဲ့၏ အစည်းအဝေးကျင်းပရန် နည်းလမ်းများ၊ ၎င်းအစည်းအဝေးတွင်၊ အစည်း အဝေးအထမြောက်ရန် အနည်းဆုံးတက်ရောက်ရမည့် ဘဏ္ဍာထိန်းလူကြီးဦးရေနှင့် အစည်းအဝေးများ တွင်လိုက်နာရန် ကျင့်ထုံးများ။

(ဂ) အဆိုပါရန်ပုံငွေကို အုပ်ချုပ်စီမံရမည့်နည်းလမ်းများ။

(ဃ) ဘဏ္ဍာထိန်းအဖွဲ့တွင် ထားရှိရမည့်စာရင်းပုံစံနှင့် ၎င်းစာရင်းများကို စစ်ဆေးခြင်းနှင့် ထုတ်ပြန် ကြေညာခြင်း။

(၃) ဤပုဒ်မအရ နည်းဥပဒေများကို ပြုသည့်အခါ၌ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုသို့ ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစ၍၊ အဆိုပါနည်းဥပဒေများသည် အာဏာတည်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စပ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၄၈ ခု၊ နိုဝင်ဘာလ ၄ ရက်။)